# ပထမပုဂ္ဂလိကဘဏ်လီမိတက်

## (အများနှင့်သက်ဆိုင်သောကုမ္ပဏီ)




**The Bank We Trust**

**(၁၀)ကြိမ်မြောက်အထူးအစည်းအဝေးနှင့်**

**အကြိမ်(၃၀)မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့**

**တင်သွင်းသည့်**

**ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ**

**၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက် (သောကြာနေ့)**

# ပထမပုဂ္ဂလိကဘဏ်လီမိတက်

## (၁ဝ)ကြိမ်မြောက် အထူးအစည်းအဝေးနှင့် အကြိမ်(၃ဝ)မြောက်နှစ်ပတ်လည်အထွေထွေအစည်းဝေးသို့ တင်ပြသည့် ဒါရိုက်တာအဖွဲ့အစီရင်ခံစာ

ပထမပုဂ္ဂလိကဘဏ်လီမိတက်စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၂ခုနှစ်၊ အောက်တိုဘာလမှ ၂ဝ၂၁ခုနှစ်၊ နိုဝင်ဘာလအထိ ဘဏ်ဖွင့်လှစ်ခဲ့သည့်သက်တမ်းမှာ နှစ်(၃ဝ)တွင်းသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့မှ အစုရှယ်ယာရှင်များကို ဘဏ်လုပ်ငန်း အခြေအနေများနှင့်ပတ်သက်သည့်အားသာချက်၊ အားနည်းချက်များကို ဓမ္မဓိဋ္ဌာန်ကျကျဆန်းစစ်ဝေဖန် အကြံဉာဏ်များ ပေးနိုင်ရန်နှင့် ဒါရိုက်တာအဖွဲ့အစီရင်ခံစာ**ကို** အတည်ပြုပေးရန်တင်ပြပါသည်။

## ၂ဝ၂ဝ-၂ဝ၂၁ဘဏ္ဍာရေးနှစ်ဘဏ်လုပ်ငန်းအခြေအနေ

၂ဝ၂ဝ-၂ဝ၂၁ ဘဏ္ဍာရေးနှစ်**မှာ** ၂ဝ၂ဝခုနှစ်၊ အောက်တိုဘာလ **(၁)**ရက်နေ့မှ ၂ဝ၂၁ခုနှစ်၊ စက်တင်ဘာလ **(၃ဝ)**ရက်နေ့ထိဖြစ်ပါသည်။ ၂ဝ၁၉-၂ဝ၂ဝဘဏ္ဍာရေးနှစ် **(၃ဝ-၉-၂ဝ၂ဝ)**နေ့တွင် အသားတင်အမြတ်မှာ ကျပ်၅**,**ဝ၈၅.၂၃သန်း ရရှိခဲ့ပြီး ၂ဝ၂ဝ-၂ဝ၂၁ဘဏ္ဍာရေးနှစ်**(**၃ဝ-၉-၂ဝ၂၁**)**နေ့တွင် ကျပ် ၅**,**၈၁၁.၇၄သန်း ရရှိခဲ့သဖြင့် **(**၁၄.၂၉%**)** တိုးလာခဲ့ပါသည်။ ၂ဝ၁၉-၂ဝ၂ဝဘဏ္ဍာရေးနှစ်နှင့် ၂ဝ၂ဝ-၂ဝ၂၁ဘဏ္ဍာရေးနှစ် ဘဏ်လုပ်ငန်း အခြေအနေများ နှိုင်းယှဉ်ချက်ကို ဇယား(၁)တွင် အကျဉ်းချုပ်၍ဖော်ပြထားပါသည်။

ဇယား – ၁ –

### ဘဏ်လုပ်ငန်းအခြေအနေများ နှိုင်းယှဉ်ချက်

| အကြောင်းအရာ | | ၂ဝ၁၉-၂ဝ၂ဝ<br>(၃ဝ-၉-၂ဝ၂ဝ) | ၂ဝ၂ဝ-၂ဝ၂၁<br>(၃ဝ-၉-၂ဝ၂၁) | ခြားနားချက် |
|---|---|---|---|---|
| ၁။ ဘဏ်အပ်ငွေ | (ကျပ်သန်း) | ၁၈ဝ,၆၁ဝ.၅၁ | ၁၅၂,၄၇၉.၆၈ | -၁၅.၅၈% |
| ၂။ ချေးငွေနှင့်စာရင်းပိုထုတ်ငွေများ | (ကျပ်သန်း) | ၁၄၁,ဝ၇၇.၈၁ | ၁၁၆,၇၃၃.ဝ၇ | -၁၇.၂၆% |
| ၃။ အသားတင်အမြတ် | (ကျပ်သန်း) | ၅,ဝ၈၅.၂၃ | ၅,၈၁၁.၇၄ | ၁၄.၂၉% |
| ၄။ ဝင်ငွေခွန် | (ကျပ်သန်း) | ၁,ဝ၁၇.ဝ၅ | ၆၃၄.၃၂ | -၃၇.၆၃% |
| ၅။ မခွဲဝေရသေးသည့် အမြတ်လက်ကျန် | (ကျပ်သန်း) | ၃,၉၈၃.၈၆ | ၅,၂၅၈.၁၃ | ၃၁.၉၉% |

## ၂ဝ၂ဝ-၂ဝ၂၁ဘဏ္ဍာရေးနှစ် အရှုံးအမြတ်အခြေအနေ

## (၁-၁ဝ-၂ဝ၂ဝနေ့မှ ၃ဝ-၉-၂ဝ၂၁နေ့ထိ)

၂ဝ၁၉-၂ဝ၂ဝဘဏ္ဍာရေးနှစ်တွင် ရငွေစုစုပေါင်းမှာ ကျပ်၂ဝ,၂၅၂.၂၅သန်းရှိပြီး ၂ဝ၂ဝ-၂ဝ၂၁ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၈,၂၃ဝ.၃၅သန်းရှိပါသည်။ **ရငွေစုစုပေါင်းမှာ(၉.၉၈%)လျော့နည်း**ခဲ့ပါသည်။ ၂ဝ၁၉-၂ဝ၂ဝဘဏ္ဍာရေးနှစ်တွင် အသုံးစရိတ် စုစုပေါင်းမှာ ကျပ်၁၅,၁၆၇.ဝ၂သန်းရှိပြီး ၂ဝ၂ဝ-၂ဝ၂၁ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၂,၄၁၈.၆၁သန်းရှိပါသည်။ **အသုံး စရိတ်စုစုပေါင်းမှာ( ၁၈.၁၂ %)လျော့နည်း**ကုန်ကျခဲ့ပါသည်။ ၂ဝ၁၉-၂ဝ၂ဝဘဏ္ဍာရေးနှစ်တွင်အ ခွန်မနှုတ်မီအမြတ်မှာ **ကျပ်၅,ဝ၈၅.၂၃သန်း** ရရှိပြီး၊ ၂ဝ၂ဝ-၂ဝ၂၁ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၅,၈၁၁.၇၄သန်း ရရှိခဲ့သောကြောင့် **အသားတင် အမြတ်မှာ ကျပ်သန်း (၇၂၆.၅၁)သန်း တိုးတက်ရရှိခဲ့ပြီး** ရာခိုင်နှုန်းအားဖြင့် **( ၁၄.၂၉ %)တိုးခဲ့ပါသည်**။

အရှုံး/အမြတ်နှိုင်းယှဉ်ချက်ကို ဇယား(၂)တွင်ဖော်ပြထားပါသည်။

ဇယား-၂-

## ၂၀၁၉-၂၀၂၀ နှင့် ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်အရှုံး-အမြတ်နှိုင်းယှဉ်ချက်

**(ကျပ်သန်း)**

| အကြောင်းအရာ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ရာခိုင်နှုန်း |
|---|---|---|---|
| ရငွေ | | | |
| အတိုးရငွေ | ၁၉,၄၈၄.၀၂ | ၁၃,၇၉၃.၅၁ | -၂၉.၂၁% |
| အခြားရငွေ | ၇၆၈.၂၃ | ၄,၄၃၆.၈၄ | ၄၇၇.၅၄% * |
| ရငွေစုစုပေါင်း | ၂၀,၂၅၂.၂၅ | ၁၈,၂၃၀.၃၅ | -၉.၉၈% |
| | | | |
| အသုံးစရိတ် | | | |
| အတိုးစရိတ် | ၁၁,၅၇၆.၆၇ | ၇,၅၀၁.၅၂ | -၃၅.၂၀% |
| လုပ်ငန်းကုန်ကျစရိတ် | ၃,၅၉၀.၃၅ | ၄,၉၁၇.၀၉ | ၃၆.၉၅% |
| အသုံးစရိတ်စုစုပေါင်း | ၁၅,၁၆၇.၀၂ | ၁၂,၄၁၈.၆၁ | -၁၈.၁၂% |
| အခွန်မနှုတ်မီအမြတ် | ၅,၀၈၅.၂၃ | ၅,၈၁၁.၇၄ | ၁၄.၂၉% |

***(၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံခြားငွေဈေးနှုန်း မြင့်တက်လာမှု (FX Revaluation Gain) ကြောင့် အခြားရငွေမှာ (၄၇၇.၅၄)%** တိုးတက်ရရှိပါသည်။

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အမြတ်များကို ခွဲဝေလျာထားခြင်း

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် **(**၃၀-၉-၂၀၂၁**)**တွင် အခွန်မနှုတ်မီအသားတင်အမြတ်မှာ **ကျပ်၅,၈၁၁.၇၄သန်း** ရရှိခဲ့ပြီး အမြတ်များကို **မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ** အောက်ပါအတိုင်း ခွဲဝေလျာထားခဲ့ပါသည်။

(၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်တွင် အခွန်မနှုတ်မီအမြတ် **ကျပ်သန်း(၅၈၁၁.၇၄)**ရရှိခဲ့သော်လည်း ဝင်ငွေခွန်ထမ်းဆောင်ရန် အတွက် ဝင်ငွေခွန်ဥပဒေအရ နိုင်ငံခြားငွေဈေးနှုန်း မြင့်တက်လာမှု (FX Revaluation Gain) ကြောင့် တိုးလာသောဝင်ငွေကို ပြန်နှုတ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်၁၇/၂၀၁၇အရ ချေးငွေဆုံးရှုံးနိုင်ခြေအတွက် လျာထားသည့် သီးသန့်လျာထားငွေ နှင့် အထွေထွေလျာထားငွေကို ပြန်ပေါင်းပြီးရရှိသည့်အမြတ်ငွေပေါ်တွင် အခွန် ပေးဆောင်ရမည့်ငွေမှာ-

| | | |
|---|---|---|
| **၁။ အခွန်မဆောင်မီအမြတ်** | | **ကျပ် ၅,၈၁၁.၇၄သန်း** |
| နိုင်ငံခြားငွေဈေးနှုန်း မြင့်တက်လာမှု (FX Revaluation Gain) (နှုတ်) | | ကျပ်(၃,၄၇၈.၃၉)သန်း |
| | | ကျပ် ၂,၃၃၃.၂၅ သန်း |
| ချေးငွေဆုံးရှုံးနိုင်ခြေအတွက်လျာထားငွေများ(ပေါင်း) | | |
| (က) သီးသန့်လျာထားငွေ | ကျပ် ၂၅၄.၅၈ သန်း | |
| (ခ) အထွေထွေလျာထားငွေ | ကျပ် ၅၈၃.၆၆ သန်း | ကျပ် ၈၃၈.၂၄ သန်း |
| | | ကျပ် ၃,၁၇၁.၅၉ သန်း |
| **၂။ဝင်ငွေခွန်ဥပဒေအရ ပေးဆောင်ရမည့် ဝင်ငွေ** (ကျပ်သန်း ၃,၁၇၁.၅၉ x ၂၀%) | | ကျပ် ၆၃၄.၃၂ သန်း |
| **၃။ အထွေထွေသီးသန့်ရန်ပုံငွေ (Statutory Reserve) (၂၅%)** | | ကျပ် ၄၂၄.၇၆သန်း |
| **၄။ မခွဲဝေရသေးသည့်အမြတ်လက်ကျန်** | | ကျပ် ၁,၂၇၄.၇၆သန်း |

## ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးအချိုးများ

၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးအချိုးများနှိုင်းယှဉ်ချက်ကို ဇယား( ၃ )တွင် ဖော်ပြထားပါသည်။ ဘဏ္ဍာရေးအချိုးများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်နှင့်အညီ တွက်ချက်ထားခြင်းဖြစ်ပါသည်။

**ဇယား - ၃ -**

**ဘဏ္ဍာရေးအချိုးများနှိုင်းယှဉ်ချက်**

| | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ |
|---|---|---|
| ၁။ ငွေကြေးလွယ်ကူမှုအချိုး | ၄၅.၀၇% | ၅၆.၀၆% |
| ၂။ မတည်ငွေရင်းလုံလောက်မှုအချိုး(Tier-1) | ၃၄.၃၅% | ၃၉.၄၃% |
| ၃။ မတည်ငွေရင်းလုံလောက်မှုအချိုး(Tier-1+2) | ၃၅.၆၀% | ၄၃.၁၅% |
| ၄။ ငွေရေးကြေးရေးခိုင်မာမှုအချိုး | ၁.၃၁ : ၁ | ၁.၄၁ : ၁ |
| ၅။ အစုရှင်များထည့်ဝင်ငွေပေါ်ပြန်ရချက် | | |
| အခွန်မနုတ်မီ | ၂၀.၅၇% | ၂၃.၅၁% |
| အခွန်နုတ်ပြီး | ၁၆.၄၆% | ၂၀.၉၄% |
| ၆။ အစုရှင်များ၏ခံစားခွင့်အချိုး | ၂.၄၄း၁ | ၂.၆၈ : ၁ |
| ၇။ စုစုပေါင်းရပိုင်ခွင့်ပေါ် အမြတ်ပြန်ရနှုန်း | ၁.၆၀% | **၁.၀၃**% |
| ၈။ ဈေးနှုန်းနှင့်ဝင်ငွေအချိုး(PE) ratio | ၁၃.၆၇% | ၁၀.၅၁% |
| ၉။ အစုတစ်စုပေါ်ပြန်ရချက်(EPS)(ကျပ်) | ၁,၆၄၅.၆၇ | ၂,၀၉၄.၃၈ |
| ၁၀။ အစုတစ်စုတန်ဖိုး(ကျပ်)(Book Value)* | ၂၄,၃၅၀ | ၂၆,၇၈၃ |

*ဘဏ်လက်ဝယ်ရှိ ငွေသားကိုသာအခြေခံတွက်ချက်ထားပါသည်။

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အမြတ်ဝေစုခွဲဝေလျာထားခြင်း

ပထမပုဂ္ဂလိကဘဏ်သည် ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီ**(Listed Company)**အဖြစ် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ **(**၁၉-၉-၂၀၂၁**)**နေ့တွင်ကျင်းပသည့် ၉/၂၀၂၁ ကြိမ်မြောက် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ ၂၀၂၁ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့ ရန်ကုန်စတော့အိပ်ချိန်း အရောင်းအဝယ်ပိတ်သိမ်းချိန် **YSX Record date(**၆-၁၀-၂၀၂၁**)**နေ့**တွင်**အစုရှယ်ယာပိုင်ဆိုင်ထားသူများကိုအမြတ်ဝေစုခွဲဝေပေးမည်ဖြစ်ကြောင်းဆုံးဖြတ်ခဲ့ပြီးရန်ကုန်စတော့အိပ်ချိန်း တွင် ဖွင့်ဟကြေညာ(Disclose)ခဲ့ပါသည်။**၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်အတွက်(၃၀-၉-၂၀၂၁)နေ့ရှိ အစုရှယ်ယာပိုင်ဆိုင်ထားသူများကိုအမြတ်ဝေစုများခွဲဝေပေးရမည်ဖြစ်ပါသည်။**(၃၀-၉-၂၀၂၁)နေ့တွင် စုစုပေါင်းမခွဲဝေရသေးသည့် အမြတ်လက်ကျန် **(Retained Earning )** မှာ **ကျပ် ၅,၂၅၈.၁၃သန်းရှိပါသည်။**

၁၉၉၃-၁၉၉၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ အမြတ်ဝေစု(၂၆)ကြိမ်ခွဲဝေပေးခဲ့ပြီး ခွဲဝေပေးခဲ့သည့် အမြတ်ဝေစု စုစုပေါင်းမှာ **ကျပ်၄၂,၅၅၉.၈၇သန်း** ရှိပါသည်။ (၃၀-၉-၂၀၂၁)နေ့တွင် ထည့်ဝင်ပြီး မတည်ငွေရင်း(Paid up Capital) **မှာ ကျပ်၂၄,၇၂၀.၅၃** သန်းရှိ၍ ခွဲဝေပြီးသည့်အမြတ်ဝေစု စုစုပေါင်းမှာ ရှယ်ယာများ ရောင်းချရငွေ**(ထည့်ဝင်မတည်ငွေရင်း)**ထက် **ကျပ် ၁၇,၈၃၉.၃၄သန်း** ပိုများပါသည်။

### အမြတ်ဝေစုခွဲဝေပေးရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၇ခုနှစ် မတ်လ(၇)ရက် နေ့စွဲဖြင့် ညွှန်ကြားချက်အမှတ် (၅/၂၀၁၇) ဖြင့် အမြတ်ဝေစုခွဲဝေခြင်းအတွက် ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါသည်။ ပထမပုဂ္ဂလိကဘဏ်သည် ဗဟိုဘဏ်၏ ညွှန်ကြားချက်များကိုတိကျစွာလိုက်နာ ဆောင်ရွက်ခဲ့ရပါသည်။

၁။ ပထမပုဂ္ဂလိကဘဏ်သည်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ(၄၀)ပြဋ္ဌာန်းချက်ပါ ရရန်ပိုင်ခွင့်တန်ဖိုး စုစုပေါင်းသည် ပေးရန်တာဝန်စုစုပေါင်းနှင့် မတည်ရင်းနှီးငွေစုစုပေါင်းထက်လျော့နည်းခြင်းမရှိပါ။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမြတ်ဝေစုခွဲဝေခြင်းညွှန်ကြားချက်အမှတ်(**၅/၂၀၁၇**)တွင်ဖော်ပြထားသည့်

**(က)** အမြတ်ဝေစုခွဲဝေမည့်ဘဏ္ဍာရေးနှစ်နှင့် ယင်းဘဏ္ဍာရေးနှစ်မတိုင်မီ(**၂**)နှစ်၏ မတည်ငွေရင်းလုံလောက်မှု အချိုးသည် အနည်းဆုံးပျှမ်းမျှ(**၈%**)ရှိရမည်ဟု ပြဋ္ဌာန်းထားရာ ၂၀၂၀ စက်တင်ဘာလတွင် (**၃၅.၆၀%**)နှင့် ၂၀၂၁ခုနှစ်စက်တင်ဘာလတွင် (၄၃.၁၅%)ရှိ၍ သတ်မှတ်ချက်ထက် များစွာကျော်လွန်ပါသည်။

**(ခ)** ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ၃၅(**က**)နှင့်အညီအထွေထွေသီးသန့်ရန်ပုံငွေစာရင်းများကို ပြည့်မီစွာ လျာထားရာ(၃၀-၉-၂၀၂၁)နေ့တွင် ကျပ် ၁၇,၁၃၇.၀၀ သန်းရှိပြီး ချေးငွေဆုံးရှုံးမှုအတွက် သတ်မှတ်ချက်နှင့် အညီလျာထားခြင်းတွင် ကျပ် ၂,၈၂၁.၅၆ သန်း လျာထားပါသည်။

**(ဂ)** အမြတ်ဝေစုများကိုဘဏ်၏မခွဲဝေရသေးသောအမြတ်ငွေ(RetainedEarning)မှခွဲဝေပေးမည်ဖြစ်ပြီး၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ချုပ် (**၃၀-၉-၂၀၂၁**)နေ့တွင်မခွဲဝေရသေးသည့် အမြတ်ငွေစုစုပေါင်းမှာ ကျပ် ၅၂၅၈.၁၃သန်း ဖြစ်ပါသည်။

**(ဃ)** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏သတ်မှတ်ချက်အရ ရလမ်းမရှိသောနှင့်ရရန်မသေချာသောအသားတင်ချေးငွေ(Net Non performing loan) နှင့်စုစုပေါင်းချေးငွေ (Total loan)အချိုးသည်(၅%) အောက်ရှိရမည် ဖြစ်ပါသည်။ သို့သော်လည်း ၂၀၂၀ခုနှစ်စက်တင်ဘာလတွင်(**၈.၀၃%**)ရှိခဲ့ပြီး ၂၀၂၁ခုနှစ်စက်တင်ဘာလကုန်တွင်(၁၇.၇၃%) ရှိပါသည်။ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင်အမြတ်ဝေစုခွဲဝေပေးရန်လျာထားသော်လည်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ညွှန် ကြားချက်(**၅/၂၀၁၇**)အရ ချေးငွေကြွေးကျန်အချိုးမှာ(၅%)ထက်ကျော်လွန်နေသည့်အတွက် အမြတ်ဝေ စုခွဲဝေပေးနိုင်ခြင်းမရှိပါ။

ဘဏ်ဒါရိုက်တာအဖွဲ့မှအစုရှင်များကို အမြတ်ဝေစုခွဲဝေပေးနိုင်ရန်အတွက် ချေးငွေကြွေးကျန်များကို လျှော့ချ နိုင်ရန်နှင့်ချေးငွေကြွေးကျန်များ ထပ်မံမတက်လာရန်ချေးငွေမူဝါဒအသစ်များ ပြုပြင်ရေးဆွဲပြီး အစွမ်းကုန်ကြိုးစားဆောင်ရွက်နေကြောင်းအသိပေးအပ်ပါသည်။၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကမ္ဘာ့ကပ် ရောဂါ ကိုဗစ်-၁၉နှင့် လက်ရှိနိုင်ငံရေးအခြေအနေ စီးပွားရေးအခြေအနေများကြောင့် ဘဏ်ငွေချေးသူ ဖောက်သည်များမှာ အကြောင်းအမျိုးမျိုးကြောင့် ချေးငွေအရင်းများပေးဆပ်နိုင်ခြင်းမရှိဘဲ ချေးငွေကြွေးကျန် များမှာ ပမာဏမှာယခင်နှစ်ထက်ပိုလာကြောင်းတွေ့ရပါသည်။

## ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် အပ်ငွေများအခြေအနေ

၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် ဘဏ်အပ်ငွေများလျော့နည်းခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အပ်ငွေ ပမာဏမှာ **ကျပ်၁၈၀,၆၁၀.၅၁သန်း**ဖြစ်ပြီး ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် **ကျပ် ၁၅၂,၄၇၉.၆၈သန်း** ရှိ၍ ဘဏ်အပ်ငွေ စုစုပေါင်းမှာ **ကျပ် ၂၈,၁၃၀.၈၃ သန်း( ၁၅.၅၈ %) လျော့နည်းပါသည်**။၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်တွင် ဘဏ်အပ်ငွေ အတိုးစရိတ်မှာ **ကျပ် ၁၁,၅၇၆.၆၇သန်း**ဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် **ကျပ်၇,၅၀၁.၅၂ သန်း** ဖြစ်သဖြင့် **ကျပ် ၄,၀၇၅.၁၅ သန်း (၃၅.၂၀%)လျော့နည်းခဲ့ပါသည်။** ဘဏ်အပ်ငွေများအခြေအနေကို စာရင်းအမျိုးအစားအလိုက် ဇယား (**၄**) တွင် ဖော်ပြထားပါသည်။

**ဇယား( ၄ )**

**စာရင်းအမျိုးအစားလိုက်ဘဏ်အပ်ငွေများ**

**(ကျပ်သန်း)**

| စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | စာရင်းရှင်အပ်ငွေ | ၁၉,၀၈၈.၉၅ | ၂၁,၁၁၉.၃၆ | ၁၀.၆၄% |
| ၂။ | ငွေစုဘဏ်အပ်ငွေ | ၁၁၉,၈၆၅.၆၂ | ၁၀၄,၀၀၃.၇၈ | -၁၃.၂၃% |
| ၃။ | စာရင်းသေအပ်ငွေ | ၃၇,၂၇၂.၀၃ | ၂၄,၇၄၇.၀၁ | -၃၃.၆၀% |
| ၄။ | ခေါ်ယူအပ်နှံငွေ | ၄,၂၉၀.၅၉ | ၂,၅၂၆.၄၀ | -၄၁.၁၂% |
| ၅။ | Mobile Money | ၉၃.၃၂ | ၈၃.၁၃ | -၁၀.၉၂% |
| | စုစုပေါင်း | ၁၈၀,၆၁၀.၅၁ | ၁၅၂,၄၇၉.၆၈ | -၁၅.၅၈% |

(၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်မှ(၂၀၂၀-၂၀၂၁)နှစ်အထိ ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်းအပ်ငွေပမာဏအခြေအနေအား အောက်ဖော်ပြပါဂရပ်တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။

**Total Deposits**
**(Kyat in Million)**
**( 2017 – 2021 )**




## ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်ချေးငွေလုပ်ငန်းအခြေအနေ

### ချေးငွေနှင့် စာရင်းပိုထုတ်ချေးငွေများ

၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်တွင် ချေးငွေနှင့်စာရင်းပိုထုတ်ချေးငွေစုစုပေါင်းမှာ **ကျပ်၁၄၁,၀၇၇.၈၁သန်း** ရှိပြီး ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် **ကျပ် ၁၁၆,၇၃၃.၀၇သန်း**ရှိ၍ **ကျပ် ၂၄,၃၄၄.၇၄ သန်း(၁၇.၂၆%)** လျော့နည်းခဲ့ပါသည်။ ရိုးရိုးချေးငွေနှင့်စာရင်းပိုထုတ်ချေးငွေအချိုးမှာ **(၃၀-၉-၂၀၂၁)**နေ့တွင် **(၈၇:၁၃)** ရှိသဖြင့် ဗဟိုဘဏ်ညွှန်ကြားချက် အမှတ်(၇/၂၀၁၇)အရ သတ်မှတ်ချက်အချိုး(၈၀:၂၀)အတိုင်း ရရှိအောင် ဆောင်ရွက် နေပါသည်။ ချေးငွေထုတ်ချေးထားသည့် အာမခံအမျိုးအစား၊ ချေးငွေပမာဏနှင့် လူဦးရေကို ဇယား( ၅ ) တွင်ဖော်ပြပါသည်။

**ဇယား - ၅ -**

**အာမခံအမျိုးအစားအလိုက်ထုတ်ချေးငွေများ**

| | အာမခံအမျိုးအစား | ၂၀၁၉-၂၀၂၀ ဦးရေ | ၂၀၁၉-၂၀၂၀ ကျပ်(သန်း) | ၂၀၂၀-၂၀၂၁ ဦးရေ | ၂၀၂၀-၂၀၂၁ ကျပ်(သန်း) |
|---|---|---|---|---|---|
| ၁။ | မြေနှင့်အဆောက်အဦး | ၉၈၁ | ၁၃၀,၄၇၀.၁၇ | ၁၀၀၂ | ၁၀၇,၈၅၈.၄၉ |
| ၂။ | စာရင်းသေအပ်ငွေ | ၁၃ | ၂၃.၅၀ | ၁ | ၅.၀၀ |
| ၃။ | အငှားဝယ်စနစ် | ၁ | ၁.၉၇ | - | - |
| ၄။ | Project(Cash flow)ပေါ်ချေးငွေ | ၇ | ၉၉၂.၀၀ | ၆ | ၄၆၄.၀၀ |
| ၅။ | SME ချေးငွေ | ၅၂ | ၉,၄၄၈.၇၁ | ၅၆ | ၈,၂၆၈.၀၄ |
| ၆။ | ဝန်ထမ်းချေးငွေ | ၃၆၇ | ၁၄၁.၄၆ | ၃၄၈ | ၁၃၇.၅၄ |
| | စုစုပေါင်း | ၁၄၂၁ | ၁၄၁,၀၇၇.၈၁ | ၁၄၁၃ | ၁၁၆,၇၃၃.၀၇ |

(၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်မှ(၂၀၂၀-၂၀၂၁)နှစ်အထိ ဘဏ္ဍာရေးနှစ်အလိုက် ချေးငွေစုစုပေါင်းပမာဏအခြေအနေအား အောက်ဖော်ပြပါဂရပ်တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။

**Total Loans**
**(Kyat in Million)**
**( 2017 – 2021 )**




## စီးပွားရေးကဏ္ဍအလိုက်ချေးငွေ

၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် စီးပွားရေးကဏ္ဍအလိုက်ချေးငွေများကို ဇယား(၆ )တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။

**ဇယား – ၆ –**

**စီးပွားရေးကဏ္ဍအလိုက် ထုတ်ချေးငွေများ**

**(ကျပ်သန်း)**

| | ၂၀၁၉-၂၀၂၀ | ရာခိုင်နှုန်း | ၂၀၂၀-၂၀၂၁ | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ စက်မှုချေးငွေ | ၃,၈၄၁.၃၈ | ၂.၇၂ | ၁,၈၇၉.၆၉ | ၁.၆၁ |
| ၂။ ကုန်သွယ်မှု | ၆၆,၄၅၂.၈၁ | ၄၇.၁၀ | ၅၇,၁၅၇.၆၀ | ၄၈.၉၆ |
| ၃။ ကုန်ထုတ်မှု | ၁၈,၇၆၀.၅၄ | ၁၃.၃၀ | ၁၆,၆၅၄.၇၆ | ၁၄.၂၆ |
| ၄။ ဝန်ဆောင်မှု | ၄၂,၄၃၀.၉၄ | ၃၀.၀၈ | ၃၂,၆၃၅.၄၄ | ၂၇.၉၇ |
| ၅။ အငှားဝယ်စနစ် | ၁.၉၇ | ၀.၀၀ | - | - |
| ၆။ SME ချေးငွေ | ၉,၄၄၈.၇၁ | ၆.၇၀ | ၈,၂၆၈.၀၄ | ၇.၀၈ |
| ၇။ ဝန်ထမ်းချေးငွေ | ၁၄၁.၄၆ | ၀.၁၀ | ၁၃၇.၅၄ | ၀.၁၂ |
| စုစုပေါင်း | ၁၄၁,၀၇၇.၈၁ | ၁၀၀ | ၁၁၆,၇၃၃.၀၇ | ၁၀၀ |

## အသေးစားနှင့်အလတ်စား(SME)ချေးငွေထုတ်ချေးခြင်း

မြန်မာနိုင်ငံရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေရေးကြေးရေးဆိုင်ရာပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်း(PFI)များမှတစ်ဆင့် (SME)များသို့ ဘဏ္ဍာငွေပံ့ပိုးကူညီရန်ဆောင်ရွက် နေသည့် JICA(ODA)SME နှစ်ဆင့်ချေးငွေစီမံကိန်းအဆင့်၂ ချေးငွေထုတ်ချေးရန် ပထမပုဂ္ဂလိကဘဏ်ကို (PFI)အဖြစ် ရွေးချယ်ခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်နှင့် (၆-၉-၂၀၁၈)နေ့က စာချုပ်ချုပ်ဆိုခဲ့ကြ**ပါသည်။** အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ ချေးငွေများထုတ်ချေးခဲ့ရာ (၃၀-၉-၂၀၂၁)နေ့တွင် (SME) ချေးငွေများသို့ လူဦးရေ (၅၆)ဦး ချေးငွေပမာဏကျပ် (၈,၂၆၈.၀၄ )သန်းထုတ်ချေးခဲ့ပါသည်။

## ဘဏ်နှင့်ဆက်နွယ်သူများချေးငွေ

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ကုန်(၃၀-၉-၂၀၂၁)နေ့တွင် ဘဏ်နှင့်ဆက်နွယ်သူ(Related person)များကို ထုတ်ချေးထားသည့်ချေးငွေမှာ လူဦးရေ ( ၁၀ )ဦး ရှိပြီး ချေးငွေပမာဏမှာ ကျပ် ၃,၄၆၇.၈၅ သန်း ရှိပါသည်။ စုစုပေါင်း ချေးငွေပမာဏမှာ ကျပ် ၁၁၆,၇၃၃.၀၇ သန်း ရှိသဖြင့် စုစုပေါင်းချေးငွေပမာဏ၏ ( ၂.၉၇%) ဖြစ်ပါသည်။

## ချေးငွေကြွေးကျန်များနှင့် ကြွေးဆုံးရန်ပုံငွေလျာထားခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ညွှန်ကြားချက်အတိုင်း စုစုပေါင်းချေးငွေပမာဏ၏(၂%)ကို ချေးငွေ ကြွေးဆုံး ရန်ပုံငွေအဖြစ် နှစ်စဉ်လျာထားခဲ့ရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ကုန်(၃၀-၉-၂၀၂၁)နေ့ထိ ကြွေးဆုံးရန်ပုံငွေလျာထားငွေ စုစုပေါင်းမှာ ကျပ်၂,၈၂၁.၅၆သန်းရှိပါသည်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ညွှန်ကြားချက်(၁၇/၂၀၁၇)တွင် ဘဏ်များသည်အဆိုပါသတ်မှတ်ချက်ထက် ပိုတင်းကြပ်သော စံနှုန်းသတ်မှတ်နိုင်သည်ဟုဖော်ပြထားသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ကုန်(၃၀-၉-၂၀၂၁)နေ့တွင်လက်ရှိဖြစ်ပေါ်နေသောနိုင်ငံရေးစီးပွားရေးအခြေအနေအရ ချေးငွေကြွေးကျန်များ ပိုမိုတိုးမြင့်လာနေပြီး အချို့ချေးငွေများမှာ ဆုံးရှုံးနိုင်ခြေအလွန်မြင့်မားနေသည့်အခြေအနေတွင်ရှိနေပါသည်။

သို့ဖြစ်ပါ၍ (၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာ အမှတ် (၁၇/၂၀၁၇) အရ လက်ရှိ လျာထားသောကြွေးဆုံးရန်ပုံငွေ လျာထားခြင်း(၂%)အပြင် ယခုနှစ်မှစပြီး နောက်ထပ်(၃)နှစ်အတွင်း (၂%)စီထပ်မံ တိုးမြင့် လျာထားပြီး စုစုပေါင်း(၄%) လျာထားရန် ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ခဲ့သဖြင့် ကျပ် ၅၈၃.၆၆သန်း ထပ်မံလျာထားခဲ့ပါသည်။၎င်းအပြင်(၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထက်ပါ အမိန့်ကြော်ငြာစာအရ ဆုံးရှုံးနိုင်ခြေမြင့်မားသည့် ဒေသများရှိ ငွေချေးသူ(၆)ဦး၏ ချေးငွေအတွက်ကျပ် **၂၅၄.၅၈သန်း** သီးသန့်လျာထားပြီး စရိတ်အဖြစ် ကျခံခဲ့ပါသည်။

### ချေးငွေကြွေးကျန်များအခြေအနေ

ဇယား-၇-

ချေးငွေကြွေးကျန်စာရင်း(NPL)(၃၀-၉-၂၀၂၁)နေ့

| လူဦးရေ | ကြွေးကျန်အမျိုးအစား | ကြွေးကျန်ချေးငွေ ပမာဏ(ကျပ်သန်း) | ရာခိုင်နှုန်း | အရေးယူဆောင်ရွက် ထားမှုအခြေအနေ |
|---|---|---|---|---|
| ၃၅ | ကြွေးဆုံး(Loss) | လူပုဂ္ဂိုလ် ၁၄,၇၉၆.၇၇ | ၁၂.၆၈ | (၂၀)ဦးမှာ တရားရုံးတွင် တရားစွဲဆိုထားပါသည်။ |
| ၁၉ | (Doubtful) | လူပုဂ္ဂိုလ် ၅,၈၉၉.၅၃ | ၅.၀၅ | ငွေချေးသူများနှင့်ချေးငွေပြန်ဆပ်ရန် ညှိနှိုင်းလျှက်ရှိပါသည်။ |
| စုစုပေါင်း ၅၄ | | ၂၀,၆၉၆.၃၀ | ၁၇.၇၃ | |

(၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်မှ(၂၀၂၀-၂၀၂၁)နှစ်အထိဘဏ္ဍာရေးနှစ်အလိုက် ကြွေးဆုံးလျာထားချက် နှင့် ချေးငွကြွေးကျန် အခြေအနေအား အောက်ဖော်ပြပါဂရပ်တွင် နှိုင်းယှဉ် ဖော်ပြထားပါသည်။

First Private Bank Limited
Non-Performing Loan Coverage
(2017-2021)



## နိုင်ငံခြားဘဏ်လုပ်ငန်း(Foreign Banking)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၈/၂၀၁၁(၂၄-၁၀-၂၀၁၁)နေ့စွဲဖြင့် နိုင်ငံခြားငွေများဝယ်ယူ၊ ရောင်းချ၊ လဲလှယ်ပေးခွင့်လိုင်စင်(Money Changer Licence)ကို ရရှိခဲ့ပါသည်။ နိုင်ငံခြားငွေ လဲလှယ်ရောင်းချရေးကောင်တာ (Money Changer Counter)များကို ရန်ကုန် ရုံးချုပ်နှင့် ဘဏ်ခွဲ( ၂၂ )ခုတွင် ဖွင့်လှစ် ထားပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ - ၉၃/၂၀၁၂(၂၄-၈-၂၀၁၂)နေ့စွဲဖြင့် နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက်ကားသည့်လိုင်စင် (Authorized Dealer Licence)ကို ခွင့်ပြုချက်ရပြီး ၂၀၁၂-၂၀၁၃(၂-၁၀-၂၀၁၂)နေ့စွဲဖြင့် ဆောင်ရွက်ခွင့်ရရှိခဲ့၍ ရန်ကုန်ရုံးချုပ်တွင် (၂-၁၀-၂၀၁၂)နေ့မှစ၍ နိုင်ငံခြားဘဏ်လုပ်ငန်း / အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်းကို ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

### Western Union နှင့် နိုင်ငံခြားငွေလွှဲလုပ်ငန်းချိတ်ဆက်ဆောင်ရွက်ခြင်း

ပထမပုဂ္ဂလိကဘဏ်နှင့် အမေရိကန်နိုင်ငံအခြေစိုက် **Western Union Money Transfer Service** တို့ချိတ်ဆက်၍ ပြည်ပငွေလွှဲလုပ်ငန်းများဆောင်ရွက်ရန် **(**၁၂-၁-၂၀၁၃**)**နေ့တွင် သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ပါသည်။ **Western Union** နှင့် နိုင်ငံပေါင်း**(**၇၀**)**ကျော်မှမြန်မာနိုင်ငံသို့ တိုက်ရိုက်အချိန်တိုအတွင်း ငွေလွှဲလုပ်ငန်း**(Inbound Service)**ကို ဆောင်ရွက်ပေးလျှက်ရှိပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ**(**၆-၁-၂၀၁၆**)**နေ့စွဲဖြင့် မြန်မာနိုင်ငံမှ ပြည်ပသို့နိုင်ငံခြား ငွေလွှဲလုပ်ငန်း**(Outbound Service)** ကို ထပ်မံခွင့်ပြုခဲ့သည့်အတွက် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ နိုင်ငံခြားငွေလွှဲ ပေးပို့ခြင်းလုပ်ငန်းကို ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

**ဇယား -၈ -**

### နိုင်ငံခြားဘဏ်လုပ်ငန်းမှရရှိသည့်ဝင်ငွေများအခြေအနေ

**(ကျပ်သန်း)**

| | **ဝန်ဆောင်မှုလုပ်ငန်းအမည်** | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | နိုင်ငံခြားဘဏ်ဝန်ဆောင်မှုလုပ်ငန်း | ၄၆.၅၀ | ၃၃.၉၁ | -၂၇.၀၈ |
| ၂။ | Western Union နိုင်ငံခြားငွေလွှဲလုပ်ငန်း | ၂၀၇.၀၁ | ၁၁၄.၈၅ | -၄၄.၅၂ |
| ၃။ | နိုင်ငံခြားငွေလဲလှယ်ရေးလုပ်ငန်း | ၁၉.၉၇ | ၀.၀၄ | -၉၉.၈၀ |
| ၄။ | စာရင်းပြောင်းရောင်းရငွေ | ၂.၆၉ | ၅၅၀.၁၉ * | ၂၀၃၅၃.၀၀ |
| | စုစုပေါင်းဝင်ငွေ | ၂၇၆.၁၇ | ၆၉၈.၉၉ | ၁၅၃.၁၀ |

***နိုင်ငံခြားငွေဈေးနှုန်း မြင့်တက်လာမှုကြောင့် တိုးလာသည့်ဝင်ငွေဖြစ်ပါသည်။**

### နိုင်ငံခြားငွေလဲလှယ်နှုန်းတန်ဖိုးမြင့်ခြင်းမှတိုးလာသည့်ငွေ

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ကုန် **(**၃၀-၉-၂၀၂၁**)**နေ့တွင် ဘဏ်လက်ဝယ်ရှိ နိုင်ငံခြားငွေများမှာ မြန်မာနိုင်ငံတော်ဗဟို ဘဏ်၏ငွေလဲလှယ်နှုန်းတန်ဖိုးမြင့်တက်သည့်အတွက်တိုးလာသည့်ငွေ**(FX Revaluation Gain)** မှာ**ကျပ်၃၄၇၈.၃၈သန်း** ဖြစ်ပါသည်။

## "Mykyat" မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ **စာအမှတ်မဗဘ/ဘဏ်စိစစ်/ဝန်ဆောင်မှု(၅၃/၂၀၁၄)(၃၀-၆-၂၀၁၄)နေ့စွဲဖြင့်** မိုဘိုင်းဘဏ်လုပ်ငန်း**(Mobile Banking)**ကို ဆောင်ရွက်ခွင့်ရရှိခဲ့ပါသည်။ မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပထမပုဂ္ဂလိကဘဏ်နှင့် **Frontier Technology Partners Company Ltd.,** တို့ပူးပေါင်းပြီး **"Mykyat"** အမည်ဖြင့် **(**၇-၅-၂၀၁၅**)**နေ့မှစ၍ မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုကို စတင်ဆောင်ရွက်ခဲ့ပါသည်။ မိုဘိုင်းဘဏ်လုပ်ငန်းမှ ရရှိသည့်ဝင်ငွေမှာ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၀၉.၉၃သိန်း ရှိခဲ့ပြီး ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၁.၂၅သိန်း ရရှိခဲ့ပါသည်။

## နိုင်ငံတော်သို့ဝင်ငွေခွန်များထမ်းဆောင်ခြင်း

ပထမပုဂ္ဂလိကဘဏ်သည် နှစ်စဉ်နိုင်ငံတော်သို့ဝင်ငွေခွန်များကို တိတိကျကျမှန်မှန်ကန်ကန် ပေးဆောင်ခဲ့ပါ သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အခွန်မနုတ်မီအသားတင်အမြတ်မှာ **ကျပ်၅,၈၁၁.၇၄သန်း**ရရှိခဲ့ပြီး ဝင်ငွေခွန် **ကျပ်၆၃၄.၃၂သန်း** ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၂.၁၉၉၃ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်အထိ နိုင်ငံတော်သို့ ထမ်းဆောင်ခဲ့သည့်ဝင်ငွေခွန်စုစုပေါင်းမှာ **ကျပ် ၂၃,၀၂၀.၃၂သန်း**ဖြစ်ပါသည်။

၁၉၉၂-၁၉၉၃ မှ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်အထိရရှိခဲ့သည့်အမြတ်ငွေများနှင့် ပေးဆောင်ခဲ့သည့်ဝင်ငွေခွန်များနှင့်အမြတ်ဝေစုလျာထားငွေများကို ဇယား( ၉ )တွင် ဖော်ပြထားပါသည်။

**ဇယား - ၉ -**

**အမြတ်၊ အမြတ်ဝေစုနှင့် ဝင်ငွေခွန်ပေးဆောင်မှုများ**

**(ကျပ်သန်း)**

| ဘဏ္ဍာရေးနှစ် | အမြတ်ငွေ | ဝင်ငွေခွန် | အမြတ်ဝေစုလျာထားငွေ |
|---|---|---|---|
| ၁။ ၁၉၉၂-၁၉၉၃ မှ ၂၀၁၅-၂၀၁၆ | ၅၆,၇၆၀ | ၁၅,၄၆၃ | ၂၇,၀၇၇ |
| ၂။ ၂၀၁၆-၂၀၁၇ | ၈,၆၃၃ | ၂,၁၅၈ | ၄,၉၄၄ |
| ၃။ ၂၀၁၇-၂၀၁၈ | ၇,၈၀၁ | ၁,၅၆၀ | ၄,၉၄၄ |
| ၄။ ၂၀၁၈(၆လ) | ၃,၁၉၈ | ၆၃၉ | ၁,၈၈၁ |
| ၅။ ၂၀၁၈-၂၀၁၉ | ၇,၇၄၅ | ၁,၅၄၉ | ၄,၆၄၇ |
| ၆။ ၂၀၁၉-၂၀၂၀ | ၅,၀၈၅ | ၁,၀၁၇ | ၃,၀၅၁ |
| ၇။ ၂၀၂၀-၂၀၂၁ | ၅,၈၁၂ | ၆၃၄ | ၁,၂၇၄ |
| စုစုပေါင်း | ၉၅,၀၃၄ | ၂၃,၀၂၀ | ၄၇,၈၁၈ |

(၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်မှ(၂၀၂၀-၂၀၂၁)နှစ်အထိ ဘဏ္ဍာရေးနှစ်အလိုက် အမြတ်နှင့် ဝင်ငွေခွန်အခြေအနေအား အောက်ဖော်ပြပါဂရပ်တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။



# ဘဏ်အစုရှယ်ယာများ

## ခွင့်ပြုမတည်ငွေရင်းနှင့် ထည့်ဝင်ပြီးမတည်ငွေရင်းများ

ပထမပုဂ္ဂလိကဘဏ်စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၂ခုနှစ်တွင် ခွင့်ပြုမတည်ငွေရင်း **(Authorized Capital)** ကျပ်သန်း၁,၀၀၀ သတ်မှတ်ခဲ့ပါသည်။ **(၁၄-၃-၂၀၁၄)**နေ့**ထိ** ခွင့်ပြုမတည်ငွေရင်းကို တွင်ကျပ်သန်း၁၀၀,၀၀၀ထိ အဆင့်ဆင့်တိုးမြှင့်ခဲ့ပါသည်။၂၀**၂၀-**၂၀**၂၁** ဘဏ္ဍာရေးနှစ်ကုန်တွင် ဘဏ်၏ ထည့်ဝင်ပြီးမတည်ငွေရင်း**(Paid up Capital)** မှာ ကျပ်၂၄,၇၂၀.၅၃သန်းဖြစ်ပါသည်။

## ရောင်းချခဲ့သည့်အစုရှယ်ယာဈေးနှုန်းများ

ဘဏ်စတင်ဖွင့်လှစ်သည့် ၁၉၉၂ခုနှစ်တွင် အစုရှယ်ယာတစ်စုလျှင် ကျပ်၁၀,၀၀၀ဖြင့် သတ်မှတ်ရောင်းချခဲ့ပါသည်။ ဘဏ်အမြတ်ငွေများ နှစ်စဉ်တိုးတက်ရရှိခဲ့၍လည်းကောင်း၊ နှစ်စဉ်အမြတ်ဝေစုများ ခွဲဝေပေးနိုင်ခဲ့၍လည်းကောင်း၊ အစုရှယ်ယာဈေးနှုန်းများကိုအမြတ်တင်၍ အဆင့်ဆင့်တိုးမြှင့်ရောင်းချခဲ့**ရာ** (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် အစုတစ်စုလျှင် ကျပ်၃၀,၀၀၀**/** ဖြင့်ရောင်းချခဲ့ပါသည်။ အစုရှယ်ယာများကို အမြတ်တင်ရောင်းချရသည့်ငွေများကို ပရီမီယံစာရင်း(Premium A/C)တွင် ထည့်သွင်းထားရာ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်ကုန်တွင် **ကျပ်၁၁,၈၄၅.၈၈သန်း** ရှိပါသည်။

## ရန်ကုန်စတော့အိပ်ချိန်း(YSX)တွင် ရှယ်ယာအရောင်းအဝယ်အခြေအနေ

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၂၉-၁၁-၂၀၁၅)နေ့တွင်ကျင်းပသည့် (၂၄)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးမှ ဒါရိုက်တာအဖွဲ့အား ရန်ကုန်စတော့အိပ်ချိန်းတွင် မှတ်ပုံတင်စာရင်းဝင်ရန် လုပ်ပိုင်ခွင့်အပ်နှင်းခဲ့သည့်အတွက် ရန်ကုန်စတော့အိပ်ချိန်း**(YSX)**တွင် စာရင်းဝင်ပြီး(၂၀-၁-၂၀၁၇) နေ့မှစပြီး ပထမပုဂ္ဂလိကဘဏ် အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်ခဲ့ပါသည်။

ရန်ကုန်စတော့ဈေးကွက်**(YSX)**တွင် စာရင်းဝင်ကုမ္ပဏီဖြစ်လာသည့်နေ့မှစ၍ ရောင်းလိုအား၊ ဝယ်လိုအားပေါ်မူတည်၍ အစုရှယ်ယာ ဈေးနှုန်းများမှာနေ့စဉ်အပြောင်းအလဲဖြစ်ပေါ်နေပါသည်။ (၃၀-၉-၂၀၂၁)နေ့ ရန်ကုန်စတော့အိပ်ချိန်း**(YSX)**တွင် ပထမပုဂ္ဂလိကဘဏ်ရှယ်ယာတစ်စုလျှင် ကျပ်၂၂,၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ ရန်ကုန်စတော့အိပ်ချိန်းတွင် ဘဏ်အစုရှယ်ယာများစတင်အရောင်းအဝယ်ပြုလုပ်ခဲ့သည့်(၂၀-၁-၂၀၁၇)နေ့မှ (၃၀-၉-၂၀၂၁)နေ့အထိ အရောင်းအဝယ်ဖြစ်သည့်ပမာဏ**(Trade Volume)**မှာ အစုရှယ်ယာ (၅၆၇,၅၇၃)စု ရှိပြီး ငွေပမာဏကျပ် ၁၁,၈၃၇.၀၇ သန်း ဖြစ်ပါသည်။

## အစုရှယ်ယာတစ်စုတန်ဖိုးပြောင်းလဲခြင်း

ပထမပုဂ္ဂလိကဘဏ်၏ ပြင်ပစာရင်းစစ်အစီရင်ခံစာအရ အစုတစ်စုတန်ဖိုး**(Book Value per Share)**မှာ (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်(၃၀-၉-၂၀၂၀)နေ့တွင်ကျပ်၂၄,၃၅၀ရှိပြီး (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်ကုန်(၃၀-၉-၂၀၂၁)နေ့တွင် ကျပ်၂၆,၇၈၄သဖြင့်(၉.၉၉%)တိုးမြှင့်ခဲ့ပါသည်။အစုတစ်စုတန်ဖိုးကိုတွက်ချက်ရာတွင် ဘဏ်လက်ဝယ်ရှိ ငွေသားကိုသာ အခြေခံတွက်ချက်ထားပြီး ဘဏ်ပိုင်မြေနှင့်အဆောက်အဦများ၏တိုးတက်လာသည့် တန်ဖိုးများကို ထည့်သွင်း တွက်ချက်ထားခြင်းမရှိပါ။

ဘဏ်ပိုင်မြေနှင့်အဆောက်အဦများ၏ လက်ရှိကာလတန်ဖိုးများကို ဘဏ်ရာဖြတ်များမှ ၂၀၂၀ခုနှစ်၊ အောက်တိုဘာလတွင် ခန့်မှန်းတွက်ချက်ကြည့်ရာ စုစုပေါင်းတန်ဖိုး ကျပ်၂၄,၈၇၉.၉၈သန်းရှိပါသည်။ ဘဏ်ပိုင်မြေနှင့် အဆောက်အဦများ၏ ဝယ်ယူထားသည့်မူလတန်ဖိုးများနှင့် လက်ရှိကာလပေါက်ဈေးများကိုတွက်ချက်နှိုင်းယှဉ်ရာတွင် အသားတင်တိုးလာသည့်တန်ဖိုး ကျပ်၁၄,၁၆၄.၅၂သန်းရှိရာ ၎င်းကို ထည့်သွင်းတွက်ချက်ပါက (၃၀-၉-၂၀၂၁)နေ့တွင် အစုရှယ်ယာ တစ်စုတန်ဖိုးမှာ ကျပ်၃၂,၅၁၄ခန့် ရှိပါသည်။ အစုရှယ်ယာတစ်စု၏ မူလရောင်းဈေး**(Face value)**နှင့် နှိုင်းယှဉ်လျှင် (၃)ဆကျော်ရှိပါသည်။

## အစုရှယ်ယာပိုင်ဆိုင်ထားမှုအခြေအနေ

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်(၃၀-၉-၂၀၂၁)နေ့ထိ ထုတ်ဝေရောင်းချထားသည့်အစုရှယ်ယာ(၂,၄၇၂,၀၅၃)စု တန်ဖိုးငွေ ကျပ်၂၄,၇၂၀.၅၃သန်း ဖြစ်ပြီး အစုရှယ်ယာရှင်ဦးရေမှာ (၈,၂၇၉)ဦး ရှိပါသည်။ (၃၀-၉-၂၀၂၁)နေ့တွင် **Special Account** တွင် အစုရှင်ဦးရေ(၆,၃၂၃)ဦး (၇၆.၃၇%) အစုရှယ်ယာအရေအတွက်(၁,၃၆၉၄၅၁)စုနှင့် ရန်ကုန်စတော့အိပ်ချိန်းတွင် အရောင်းအဝယ် ပြုလုပ်ရန် **Securities Account** ဖွင့်လှစ်ထားသည့် အစုရှင်ဦးရေ(၁,၉၅၆)ဦး (၂၃.၆၃%)

အစုရှယ်ယာအရေအတွက်(၁,၁၀၂၆၀၂)စု ဖြစ်ပါသည်။ ရန်ကုန်စတော့အိပ်ချိန်း(YSX)မှရရှိသော (၃၀-၉-၂၀၂၁)နေ့ရှိ အစုရှယ်ယာရှင်များ၏ ရှယ်ယာပိုင်ဆိုင်မှုအချိုးအစားကို အောက်ပါဇယား(၁၀ )တွင် ဖော်ပြထားပါသည်။

**ဇယား -၁၀ -**

**(၃၀-၉-၂၀၂၁)နေ့ရှိ အစုရှယ်ယာရှင်များ၏ ရှယ်ယာပိုင်ဆိုင်မှု**

| | ရှယ်ယာအုပ်စု | Special A/C | Securities A/C | Total A/C |
|---|---|---|---|---|
| ၁။ | ၁-၁၀ | ၃,၅၅၇ | ၆၅၄ | ၄,၂၁၁ |
| ၂။ | ၁၁-၅၀ | ၁,၆၂၈ | ၅၅၄ | ၂,၁၈၂ |
| ၃။ | ၅၀-၁၀၀ | ၃၃၇ | ၁၉၅ | ၅၃၂ |
| ၄။ | ၁၀၁-၅၀၀ | ၄၈၇ | ၃၂၄ | ၈၁၁ |
| ၅။ | ၅၀၁-၁၀၀၀ | ၁၀၅ | ၇၄ | ၁၇၉ |
| ၆။ | ၁၀၀၁-၃၀၀၀ | ၁၃၂ | ၉၄ | ၂၂၆ |
| ၇။ | ၃၀၀၁-၁၀၀၀၀ | ၅၅ | ၃၃ | ၈၈ |
| ၈။ | ၁၀၀၀၁-၃၀၀၀၀ | ၁၈ | ၂၂ | ၄၀ |
| ၉။ | ၃၀၀၀၁ နှင့်အထက် | ၄ | ၆ | ၁၀ |
| | စုစုပေါင်း | ၆,၃၂၃( ၇၆.၃၇ %) | ၁,၉၅၆( ၂၃.၆၃ %) | ၈,၂၇၉(၁၀၀%) |

**အစုရှယ်ယာအများဆုံးပိုင်ဆိုင်ထားသူ(၁၀)ဦးစာရင်း**

(၃၀-၉-၂၀၂၁)နေ့ရှိ ပထမပုဂ္ဂလိကဘဏ်အစုရှယ်ယာ အများဆုံးပိုင်ဆိုင်ထားသူ(၁၀)ဦး၏ အမည်စာရင်းကို အောက်ပါဇယား(၁၁)တွင် ဖော်ပြထားပါသည်။ အစုရှယ်ယာအများဆုံးပိုင်ဆိုင်ထားသူ(၁၀)ဦး၏ အစုရှယ်ယာ ပိုင်ဆိုင်မှုမှာ အစုရှယ်ယာ အရေအတွက်( ၆၃၇,၄၃၄ )စုဖြစ်ပြီး စုစုပေါင်းရောင်းချထားသည့်အစုရှယ်ယာများ၏ (၂၅.၇၈%)ဖြစ်ပါသည်။

**ဇယား -၁၁ -**

**(၃၀-၉-၂၀၂၁)နေ့ရှိ အစုရှယ်ယာအများဆုံးပိုင်ဆိုင်သူ(၁၀)ဦး**

| | အမည် | အစုရှယ်ယာအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ဦးအောင်မိုးကျော် | ၁၅၇,၃၂၅ | ၆.၃၆% |
| ၂။ | ဒေါ်မာမာထွန်း | ၈၉,၆၁၅ | ၃.၆၃% |
| ၃။ | ဒေါ်ရွှေစင် | ၈၄,၉၀၄ | ၃.၄၃% |
| ၄။ | ဦးမောင်မောင်သိန်း | ၆၄,၆၇၁ | ၂.၆၂% |
| ၅။ | ဦးနေလင်းဦး | ၆၃,၁၆၀ | ၂.၅၅% |
| ၆။ | ဒေါက်တာအောင်မင်း | ၄၁,၀၀၉ | ၁.၆၆% |
| ၇။ | ဦးလီဂျီဂွန်း | ၃၉,၇၈၈ | ၁.၆၁% |
| ၈။ | ဦးထွန်းဝင်းနိုင် | ၃၇,၄၁၄ | ၁.၅၁% |
| ၉။ | ဦးခင်မောင်ဖေ | ၃၀,၀၀၀ | ၁.၂၁% |
| ၁၀။ | ဦးစိုင်းမောင်မြင့် | ၂၉,၅၄၈ | ၁.၂၀% |
| | စုစုပေါင်း | ၆၃၇,၄၃၄ | ၂၅.၇၈% |

**ဒါရိုက်တာအဖွဲ့ဝင်များ၏ အစုရှယ်ယာပိုင်ဆိုင်မှု**

(၃၀-၉-၂၀၂၁)နေ့ရှိ ဒါရိုက်တာအဖွဲ့ဝင်များ၏ အစုရှယ်ယာပိုင်ဆိုင်မှုနှင့်(၁-၁၀-၂၀၂၀)မှ(၃၀-၉-၂၀၂၁) နေ့ထိ ဒါရိုက်တာအဖွဲ့အစည်းအဝေး စုစုပေါင်း(၈)ကြိမ် ကျင်းပခဲ့ပြီး အစည်းအဝေးသို့ ဒါရိုက်တာတစ်ဦးချင်း တက်ရောက်ခဲ့သည့် အကြိမ်ကို အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

(၃၀-၉-၂၀၂၁)နေ့ရှိ ဒါရိုက်တာအဖွဲ့ဝင်များ၏အစုရှယ်ယာပိုင်ဆိုင်မှု စုစုပေါင်းအစုရှယ်ယာအရေအတွက်မှာ (၉၇,၈၆၈)စု ဖြစ်ပြီးစုစုပေါင်းရောင်းချထားသည့်အစုရှယ်ယာ၏(၃.၉၆%)ဖြစ်ပါသည်။

## (၃၀-၉-၂၀၂၁)နေ့ရှိဒါရိုက်တာအဖွဲ့ဝင်များ၏ အစုရှယ်ယာပိုင်ဆိုင်မှုစာရင်း

| | ဒါရိုက်တာအမည် | ရှယ်ယာအရေအတွက် | အစည်းအဝေးတက်ရောက်သည့်အကြိမ် |
|---|---|---|---|
| ၁။ | ဒေါက်တာအောင်မင်း | ၄၁,၀၀၉ | (၈) ကြိမ် |
| ၂။ | ဦးမြင့်လွင် | ၁၂,၅၀၀ | (၈) ကြိမ် |
| ၃။ | ဒေါ်လှလှဝင်း | ၇,၂၆၀ | (၇) ကြိမ် |
| ၄။ | ဦးမျိုးထွန်း | ၁၃,၉၂၀ | (၈) ကြိမ် |
| ၅။ | ဒေါက်တာတင်ကြည် | ၁၇၀ | (၇) ကြိမ် |
| ၆။ | ဦးဟန်မြင့် | ၆,၇၈၈ | (၈) ကြိမ် |
| ၇။ | ဦးထင်အောင်ကျော်ဦး | ၁၀၀ | (၇) ကြိမ် |
| ၈။ | ဦးသိန်းမြင့် | ၅၄၃ | (၇) ကြိမ် |
| ၉။ | ဦးကပ်ခင်းပေါင် **(Independent Director)** | ၁၅၁ | (၇) ကြိမ် |
| ၁၀။ | ဒေါ်ရီရီလွင်**(Independent Director)** | ၁၅,၄၂၇ | (၈) ကြိမ် |
| | စုစုပေါင်း | ၉၇,၈၆၈(၃.၉၆%) | |

## အစုရှင်များ၏ ရပိုင်ခွင့်များပြောင်းလဲခြင်း

အစုရှင်များ၏ ရပိုင်ခွင့်များမှာ (၃၀-၉-၂၀၂၀)နေ့တွင် **ကျပ်၆၀,၁၉၄.၇၅ သန်း**ရှိပြီး (၃၀-၉-၂၀၂၁)နေ့တွင် **ကျပ်၆၆,၂၁၁.၀၁သန်း**ရှိသောကြောင့် ( ၉.၉၉ %)တိုးမြင့်ခဲ့ပါသည်။ အစုတစ်စုတန်ဖိုး **(Value per share)**မှာလည်း (၃၀-၉-၂၀၂၀)နေ့တွင် ကျပ်၂၄,၃၅၀ ရှိပြီး (၃၀-၉-၂၀၂၁)နေ့တွင် ကျပ်၂၆,၇၈၄ ရှိခဲ့သဖြင့် အစုတစ်စုလျှင် **ကျပ် ၂,၄၃၄** တိုးခဲ့ပါသည်။ အစုရှင်များ၏ရပိုင်ခွင့်များကို ဇယား( ၁၁ )တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။

**ဇယား - ၁၂ -**

**အစုရှင်များ၏ရပိုင်ခွင့်များ**

**(ကျပ်သန်း)**

| | | **၂၀၁၉-၂၀၂၀** | **၂၀၂၀-၂၀၂၁** |
|---|---|---|---|
| ၁။ | ထည့်ဝင်ပြီးမတည်ငွေရင်း | ၂၄,၇၂၀.၅၃ | ၂၄,၇၂၀.၅၃ |
| ၂။ | ရှယ်ယာပရီမီယံ | ၁၁,၈၄၅.၈၈ | ၁၁,၈၄၅.၈၈ |
| ၃။ | အထွေထွေသီးသန့်ရန်ပုံငွေ | ၁၆,၇၁၂.၂၅ | ၁၇,၁၃၇.၀၀ |
| ၄။ | ကြွေးဆုံးရန်ပုံငွေ | ၃,၆၀၈.၄၃ | ၃,၆၅၉.၈၀ |
| ၅။ | အရေးပေါ်သီးသန့်ရန်ပုံငွေ | ၁၀၂.၅၆ | ၁၀၃.၁၆ |
| ၆။ | အခြားရန်ပုံငွေများ | ၈.၁၂ | ၈.၁၂ |
| ၇။ | မခွဲဝေရသေးသည့်အမြတ်လက်ကျန် | ၃,၉၈၃.၈၅ | ၅,၂၅၈.၁၃ |
| ၈။ | နိုင်ငံခြားငွေတန်ဖိုးပြန်လည်သင့်ခြင်း ဆုံးရှုံးနိုင်မှုမှလျာထားငွေ | | ၃,၄၇၈.၃၈ |
| | အစုရှင်များ၏ရပိုင်ခွင့်စုစုပေါင်း | **၆၀,၁၉၄.၇၅** | **၆၆,၂၁၁.၀၁** |
| | အစုတစ်စုတန်ဖိုး**(Book value per share)**ကျပ် | ၂၄,၃၅၀ | ၂၆,၇၈၄ |

## အစိုးရငွေတိုက်စာချုပ်များဝယ်ယူရင်းနှီးမြှုပ်နှံခြင်း

ဘဏ်အပ်ငွေအတိုးစရိတ်များ အထိုက်အလျောက်ကာမိစေရန်နှင့် အတိုးဝင်ငွေများရရှိစေရန်အတွက် ဘဏ်မှ အစိုးရငွေတိုက်စာချုပ်များဝယ်ယူရင်းနှီးထားပါသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ကုန်(၃၀-၉-၂၀၂၁)နေ့တွင် ဘဏ်မှ ဝယ်ယူထားသည့် အစိုးရငွေတိုက်စာချုပ်စုစုပေါင်းငွေပမာဏမှာ ကျပ်၃၆,၀၀၀သန်း ဖြစ်ပါသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာ

ရေးနှစ်တွင် အစိုးရငွေတိုက်စာချုပ်မှရရှိသောအတိုးဝင်ငွေမှာ ကျပ်၂,၇၈၆.၀၈သန်းဖြစ်ပြီး စုစုပေါင်းအတိုးဝင်ငွေ၏ ( ၂၀.၂၀ %)ဖြစ်ပါသည်။

## မြန်မာပေးမန့်ယူနီယံ(MPU)ရှယ်ယာဝယ်ယူခြင်း

ပထမပုဂ္ဂလိကဘဏ် ဒါရိုက်တာအဖွဲ့၆/၂၀၁၅အစည်းအဝေးမှ ငွေပေးချေမှုစနစ်ကို အဆင့်မြှင့်တင်နိုင်ရန်နှင့် ဘဏ်ဖောက်သည်များကို **Card Business** ဖြင့်ဝန်ဆောင်မှုပေးနိုင်ရန်အတွက် မြန်မာပေးမန့်ယူနီယံ**(Myanmar Payment Union (MPU)** တွင် အစုရှယ်ယာတစ်စုလျှင် ကျပ်၁၀,၀၀၀ဖြင့် အစုရှယ်ယာ(၂၀,၀၀၀)စု တန်ဖိုးငွေကျပ် သန်း(၂၀၀)ဖိုး (၂၃-၉-၂၀၁၅)နေ့ကဝယ်ယူခဲ့ပါသည်။

## ဘဏ်ပိုင်မြေနှင့်အဆောက်အဦများဝယ်ယူခြင်း

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ကုန်(၃၀-၉-၂၀၂၁)နေ့အထိ ဘဏ်မှဝယ်ယူထားသည့်ဘဏ်ပိုင်မြေနှင့်အဆောက် အဦးမှာ( ၄၈ )ခုရှိပါသည်။ ဘဏ်ပိုင်မြေနှင့်အဆောက်အဦများဝယ်ယူထားသည့် မူလတန်ဖိုးနှင့် အဆောက်အဦများပြုပြင် ဆောက်လုပ် မွမ်းမံစရိတ်အပါအဝင် စုစုပေါင်းတန်ဖိုးမှာ **ကျပ်၁၀,၇၁၅.၄၆သန်းရှိပါသည်။** ၂၀၂၀ခုနှစ်အောက်တိုဘာလ တွင်ဘဏ်ပိုင်မြေနှင့်အဆောက်အဦများ၏ လက်ရှိကာလတန်ဖိုးများကို ဘဏ်ရာဖြတ်များမှ တွက်ချက်ကြည့်ရာ ခန့်မှန်း တန်ဖိုး ကျပ် ၂၄,၈၇၉.၉၈သန်းရှိပါသည်။ ဘဏ်မှဝယ်ယူထားသည့် မြေနှင့်အဆောက်အဦများ၏ မူလတန်ဖိုးနှင့် အဆောက်အဦဆောက်လုပ်ပြုပြင်စရိတ်များအပါအဝင် စုစုပေါင်းတန်ဖိုးနှင့် လက်ရှိကာလတန်ဖိုးများကို နှိုင်းယှဉ်ပါက မူလဝယ်ယူထားသည့် တန်ဖိုးထက်ကျပ် ၁၄,၁၆၄.၅၂ သန်း ခန့်ပိုများပါသည်။

## ဘဏ်ခွဲများဖွင့်လှစ်ပြီးသည့်အခြေအနေ

ပထမပုဂ္ဂလိကဘဏ်ရုံးချုပ်ကို(၆-၁၀-၁၉၉၂)တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်ကုန် (၃၀-၉-၂၀၂၁)နေ့အထိ ရန်ကုန်ရုံးချုပ်နှင့်နေပြည်တော်ရုံးချုပ်အပါအဝင် ဘဏ်ခွဲ(၃၆)ဘဏ်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ ဘဏ်ခွဲများမှာရန်ကုန်တိုင်းတွင် (၆)ခု၊ မန္တလေးတိုင်းတွင်(၃)ခု၊ မကွေးတိုင်းတွင်(၇)ခု၊ စစ်ကိုင်းတိုင်းတွင်(၅)ခု၊ တနင်္သာရီတိုင်းတွင်(၃)ခု၊ ဧရာဝတီတိုင်းတွင်(၂)ခု၊ ပဲခူးတိုင်းတွင်(၁)ခု၊ ရှမ်းပြည်နယ်တွင်(၂)ခု၊ ကယားပြည်နယ်တွင်(၁)ခု၊ ကရင်ပြည်နယ်တွင်(၂)ခု၊ မွန်ပြည်နယ်တွင်(၁)ခု၊ ကချင်ပြည်နယ်တွင်(၁)ခု၊ ချင်းပြည်နယ်တွင်(၁)ခု၊ နေပြည်တော်တွင်(၁)ခု၊ စုစုပေါင်းဘဏ်ခွဲ(၃၆)ခုဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။

## ဘဏ်ခွဲအသစ်များဖွင့်လှစ်ရန်စီစဉ်ထားခြင်း

**ချင်းပြည်နယ်၊ မင်းတပ်မြို့**

ချင်းပြည်နယ်တွင်ဒုတိယဘဏ်ခွဲကို မင်းတပ်မြို့၊အနောက်ရပ်ကွက်၊မင်းတပ်-မတူပီလမ်းမကြီး အကွက်အမှတ်(၁) ဦးပိုင်အမှတ်(၁၈၉)ဂရန်မြေပေါ်တွင် မင်းတပ်ဘဏ်ခွဲဖွင့်လှစ်ရန် အဆောက်အဦဆောက်လုပ်ပြီးစီးပြီဖြစ်၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဖွင့်လှစ်ရန်ရည်ရွယ်ထားသော်လည်း လက်ရှိအခြေအနေအရ ဖွင့်လှစ်နိုင်ခြင်း မရှိသေးပါ။

## ပထမပုဂ္ဂလိကဘဏ်ဒါရိုက်တာအဖွဲ့

၂၀၂၀ခုနှစ်၊ ဒီဇင်ဘာလ(၂၇)ရက်နေ့တွင်ကျင်းပပြုလုပ်သည့် (၂၉) ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်း အဝေးတွင် အလှည့်ကျဒါရိုက်တာ(၃)ဦး နှုတ်ထွက်ပြီး ပြန်လည်အရွေးခံ ရန်လျှောက်ထားခဲ့ပါသည်။ (၂၉) ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အရွေးခံရသည့် ဒါရိုက်တာ(၃)ဦးမှာ (၁)ဦးမျိုးထွန်း (၂)ဒေါ်လှလှဝင်း (၃)ဒေါက်တာတင်ကြည် တို့ဖြစ်ကြပါသည်။

(၃၁-၁-၂၀၂၁)နေ့တွင်ကျင်းပပြုလုပ်သည့် ၁/၂၀၂၁ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေးမှ ဒါရိုက်တာအဖွဲ့ကို (၁)ဒေါက်တာစိန်မောင် (၂)ဒေါ်လှလှဝင်း (၃)ဦးထွန်းဆိုင် (၄)ဦးမျိုးထွန်း (၅)ဒေါက်တာတင်ကြည် (၆) ဦးဟန်မြင့် (၇) ဦးမြင့်လွင် (၈) ဦးထင်အောင်ကျော်ဦး (၉) ဒေါက်တာအောင်မင်း (၁၀) ဦးသိန်းမြင့် (၁၁) ဦးကပ်ခင်းပေါင် (သီးခြား လွတ်လပ်သည့်ဒါရိုက်တာ) (၁၂)ဒေါ်ရီရီလွင်(သီးခြားလွတ်လပ်သည့်ဒါရိုက်တာ) (၁၃)ဦးမြင့်ဇော်(အမှုဆောင်အရာရှိချုပ်)တို့ ဖြင့် ပြန်လည်ဖွဲ့စည်းပါသည်။

**ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ**

ပထမပုဂ္ဂလိကဘဏ်၏ သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၈၂)အရ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌကို ဒါရိုက်တာများက ရွေးချယ်ခန့်ထားရမည်ဖြစ်၍ (၃၁-၁-၂၀၂၁)နေ့တွင် ကျင်းပပြုလုပ်သည့် ၁/၂၀၂၁ ဒါရိုက်တာအဖွဲ့အထူးအစည်းအဝေးမှ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌအဖြစ် ဒေါက်တာစိန်မောင်အားခန့်ထားရန် အတည်ပြုခဲ့ကြပါသည်။ ပထမပုဂ္ဂလိကဘဏ်ကို တည်ထောင်သူဥက္ကဋ္ဌကြီး ဒေါက်တာစိန်မောင်သည် (၃၁-၈-၂၀၂၁)နေ့တွင် ကွယ်လွန်ခဲ့ပြီး ဒါရိုက်တာအဖွဲ့ဝင် ဦးထွန်းဆိုင်(မကွေး)သည် (၁၄.၈.၂၀၂၁)ရက်နေ့တွင် ကွယ်လွန်ခဲ့သည့်အတွက် ဘဏ်အတွက် အစားထိုးမရသော ဆုံးရှုံးမှုဖြစ်ကြောင်း ဒါရိုက်တာအဖွဲ့မှမှတ်တမ်းတင်အပ်ပါသည်။

**ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး**

(၃၁-၁-၂၀၂၁)နေ့တွင်ကျင်းပပြုလုပ်သည့် ၁/၂၀၂၁ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေးမှ ဒါရိုက်တာအဖွဲ့အတွင်းရေးမှူးအဖြစ် ဦးမျိုးမင်းချို(လုပ်ငန်းပိုင်ဆိုင်ရာအရာရှိချုပ်)နှင့် တွဲဘက်အတွင်းရေးမှူးအဖြစ် ဒေါ်မိမိနိုင်(ဘဏ္ဍာရေးဆိုင်ရာရှိချုပ်)တို့အား တာဝန်ပေးအပ်ကြပါသည်။

**သီးခြားလွတ်လပ်သည့်ဒါရိုက်တာ(Independent Director)**

မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ(၉/၂၀၁၉)ညွှန်ကြားချက်ဖြင့် ဒါရိုက်တာအဖွဲ့ဝင်(၁၁)ဦးထက်မပိုသော ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းလျှင် အမှုဆောင်မဟုတ်သော သီးခြားလွတ်လပ်သော ဒါရိုက်တာအနည်းဆုံးတစ်ဦးနှင့် အဖွဲ့ဝင်(၁၁)ဦးထက်ပိုသော ဒါရိုက်တာအဖွဲ့ကိုဖွဲ့စည်းလျှင် အမှုဆောင်မဟုတ်သော သီးခြားလွတ်လပ်သောဒါရိုက်တာ အနည်းဆုံးနှစ်ဦးခန့်အပ်ရန် သတ်မှတ်ထားပါသည်။ သီးခြားလွတ်လပ်သော ဒါရိုက်တာများအဖြစ် (၁)ဦးကပ်ခင်းပေါင် (၂)ဒေါ်ရီရီလွင်တို့နှစ်ဦးကိုခန့်ထားခဲ့ပါသည်။

**ဒါရိုက်တာအဖွဲ့အစည်းအဝေးများကျင်းပခြင်း**

မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ (၉/၂၀၁၉)ညွှန်ကြားချက်ဖြင့် ဒါရိုက်တာအဖွဲ့အစည်းအဝေးကို တစ်နှစ်လျှင်အနည်းဆုံး(၁၂)ကြိမ်ကျင်းပရန် ညွှန်ကြားထားသော်လည်း လက်ရှိဖြစ်ပေါ်နေသောနိုင်ငံရေးအခြေအနေနှင့်Covid-19 ကမ္ဘာ့ကပ်ရောဂါအခြေအနေအရ ၂၀၂၀ခုနှစ် အောက်တိုဘာ (၁)နေ့မှ ၂၀၂၁ခုနှစ် စက်တင်ဘာလ(၃၀)နေ့ထိ ဒါရိုက်တာအဖွဲ့ ပုံမှန်လပတ်အစည်းအဝေး(၈)ကြိမ်၊ အထူးအစည်းအဝေး(၁)ကြိမ်သာကျင်းပနိုင်ခဲ့ပါသည်။ ဒါရိုက်တာအဖွဲ့ ချေးငွေကော်မတီအစည်းအဝေးကို (၂၆ )ကြိမ် ကျင်းပခဲ့ပါသည်။

**အချိန်ပြည့်တာဝန်ထမ်းဆောင်သည့်ဒါရိုက်တာများ**

အချိန်ပြည့်တာဝန်ထမ်းဆောင်သည့်ဒါရိုက်တာအဖွဲ့ဝင်များမှာ (၁) ဒေါက်တာစိန်မောင်(ဥက္ကဋ္ဌ) (၂) ဒေါ်လှလှဝင်း(အမှုဆောင်ဒါရိုက်တာ)၊(၃)ဦးမြင့်ဇော်(အမှုဆောင်အရာရှိချုပ်)(၄)ဒေါက်တာအောင်မင်း(ဒါရိုက်တာ/CIO)တို့ဖြစ်ကြပါသည်။ **ဒါရိုက်တာ**ဒေါ်လှလှဝင်းမှ (၁-၃-၂၀၂၁)နေ့မှစ၍အချိန်ပြည့်အမှုဆောင်ဒါရိုက်တာအဖြစ်နှုတ်ထွက်ခဲ့ပါသည်။

**ဒါရိုက်တာများကိုချီးမြှင့်သည့်လစာနှင့်ခံစားခွင့်များ**

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေး အချိန်ပြည့်တာဝန်ထမ်းဆောင်သည့် ဒါရိုက်တာများကို ချီးမြှင့်သည့် လစာစရိတ်ခံစားခွင့်များနှင့် ညေ့ခံစရိတ်စုစုပေါင်းမှာ ကျပ် ၄၃.၁၀ သန်း ဖြစ်ပါသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ဘဏ်ခွဲများတွင် အချိန်ပိုင်းကြီးကြပ်သည့် ဒါရိုက်တာများနှင့် အကြံပေးများ၏ ခံစားခွင့်စရိတ်များနှင့် အစည်းဝေးထိုင်စရိတ်များစုစုပေါင်းမှာ ကျပ် ၅၆.၇၆ သန်းဖြစ်ပါသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ဒါရိုက်တာများကိုချီးမြှင့်သည့်ဆုကြေးငွေမှာ ကျပ် သိန်း၁၀၀ ဖြစ်ပါသည်။

**ဘဏ်ခွဲကြီးကြပ်ရေးကော်မတီများဖွဲ့စည်းထားရှိခြင်း**

နယ်ဘဏ်ခွဲများတွင် ဒါရိုက်တာများ၊ အကြံပေးများနှင့် မြို့ပေါ်မှ ဂုဏ်သရေရှိလူကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အစုရှင်များပါဝင်သော ဘဏ်ခွဲကြီးကြပ်ရေးကော်မတီများကို ဖွဲ့စည်းထားရှိပါသည်။ ဘဏ်ခွဲကြီးကြပ်ရေးကော်မတီများသည် ဘဏ်ခွဲရှိချေးငွေလျှောက်ထားသူများ၏ စီးပွားရေးလုပ်ငန်းအခြေအနေနှင့် အာမခံအဆောက်အဦးအခြေနေများကို အနီးကပ်စစ်ဆေး ပေးပြီး ထုတ်ချေးပေးနိုင်မည့်ချေးငွေပမာဏကို ထောက်ခံတင်ပြပေးကြသည်။ သက်ဆိုင်ရာဘဏ်ခွဲ၏ ဖောက်သည်များကို စည်းရုံးပေးခြင်းများ ဆောင်ရွက်ပေးပါသည်။

၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်အတွင်းဘဏ်ခွဲကြီးကြပ်ရေးကော်မတီများ၏ အစည်းအဝေးထိုင်စရိတ် စုစုပေါင်းမှာ ကျပ် ၃၀.၇၅ သန်းဖြစ်ပါ**သည်။** ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွက် ဘဏ်ခွဲကြီးကြပ်ရေးကော်မတီများကို ချီးမြှင့်သည့် ဆုကြေးငွေမှာ ကျပ် ၁၂၂သိန်း ဖြစ်ပါသည်။

## ကော်မတီများဖွဲ့စည်းထားရှိခြင်း

**အစုရှင်များစာရင်းစစ်ကော်မတီ (Shareholders Audit Committee)**

